# Thirty-Second Sunday in Ordinary Time

ဓမ္မရာဇဝင် တတိယစောင်။ ၁၇း၁၀–၁၆

လေယသည်ထ၍ဇရတ္တမြို့သို့ သွား၏။ မြို့တံခါးသို့ရောက်သောအခါ၊ မုတ်ဆိုးမသည်ထင်းခွေလျက်ရှိ၏။ လေယက၊ ငါသောက်စရာရေအနည်းငယ်ကိုခွက်နှင့်ယူခဲ့ပါလော့ဟုဟစ်၍ဆို၏။ မိန်းမသည်ရေကိုယူခြင်းငှါသွားစဉ်တွင်၊ တဖန်ဟစ် ၍မုန့်တဖဲ့ကိုလည်းသင့်လက်၌ယူခဲ့ပါလော့ဟုဆိုပြန်လျှင်၊မိန်းမက၊ သင်၏ဘုရားသခင်ထာဝရဘုရားအသက်ရှင်တော်မူသည်အတိုင်း၊မုန့်ပြားတပြားမျှမရှိ။ အိုးထဲမှာမုန့်ညက်တလက်ဆုပ်၊ဘူး၌ဆီအနည်းငယ်သာရှိ၏။ ကျွန်မနှင့်သားငယ်အဘို့ဖုတ်၍စားလိုသောငှါရင်းငင်း၊ စားပြီးမှသေလိုသောငှါရင်းငင်း၊ထင်းစနှစ်ခုကိုယခုခွေပါ၏ဟုပြန်ပြော၏။ လေယကလည်းမစိုးရိမ်နှင့်။ သင်ဆိုသည်အတိုင်းသွား၍ပြုလော့။ သို့ရာတွင်ငါ့အဘို့မုန့်ပြားငယ်တပြားကို အရင်လုပ်၍ယူခဲ့လော့။ နောက်မှသင်နှင့်သင် ၏သားငယ်အဘို့လုပ်လော့။ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည် မြေပေါ် မှာမိုဃ်းရွာစေတော်မမူမှီတိုင်အောင်၊ အိုး၌ရှိသော မုန့်ညက်မကုန်။ ဘူး၌ရှိသောဆီမလျော့ရဟုမိန့်တော်မူကြောင်းကို ဆင့်ဆို၏။ ထိုမုတ်ဆိုးမသည်သွား၍လေယစကားအတိုင်းပြုသဖြင့်၊လေယနှင့်တကွကိုယ်တိုင်မှစ၍၊အိမ်သားတို့သည်အင်တန်ကာလပတ်လုံးစားရကြ၏။ ထာဝရဘုရားသည်လေယအားဖြင့်မိန့်တော်မူသောစကားအတိုင်း၊အိုး၌ရှိသောမုန့်ညက်မကုန်၊ဘူး၌ရှိသောဆီမလျော့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps  146: 7, 8-9, 9-10

**ဆာလံ ၁၄၆**

**သံပြိုင်။ ။** အိုင်ါ့ဝိညာဥ်ထာဝရဘုရားကိုချီးမွမ်းထောမနာပြုလော့။

**၁။** ကိုယ်တော်သည်အစဉ်ထာဝရသစ္စာတည်တော်မူ၏။ ကိုယ်တော်သည်ဖိနှိပ်ညှင်းဆဲခြင်းခံရသူတို့အတွက်တရားသဖြင့်စီရင်ပေးတော်မူ၏။ ကိုယ်တော်သည်ငတ်မွတ်သောသူတို့စားစရာကိုပေးတော်မူ၏။ ထာဝရဘုရားသည်အကျဉ်းခံနေရသောသူတို့ကိုလွှတ်မြောက်စေတော်မူ၏။ **(သံပြိုင်)**

**၂။** ထာဝရဘုရားသည်မျက်စိမမြင်သောသူတို့အားမျက်စိမြင်စေတော်မူ၏ ။ကိုယ်တော်သည်လဲကျနေသူတို့ကိုထူမတော်မူ၍၊ဖြောင့်မတ်သောသူတို့ကိုချစ်မြတ်နိုးတော်မူ၏ ။ထာဝရဘုရားသည်ဧည့်သည်အာဂန္တုတို့ကိုကြည့်ရှုစောင့်ရှောက်တော်မူ၏ ။ **(သံပြိုင်)**

**၃။** မုဆိုးမနှင့်မိဘမဲ့သူတို့ကိုကူညီထောက်မတော်မူ၏ ။ သို့သော်ကိုယ်တော်သည်ယုတ်မာသူတို့၏လမ်းစဉ်ကိုပျက်စီးစေတော်မူ၏ ။ အိုဇီအုံ၊သင်၏ဘုရားသခင်ထာဝရဘုရားသည်လူမျိုးအစဉ်အဆက်ထာဝရအုပ်စိုးတော်မူလိမ့်မည်။ ထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။ **(သံပြိုင်)**

## 2nd READING: *Heb 9:24-28*

[Db&l;Mo0g'pm ၉း ၂၄–၂၈

ခရစ်တော်သည်စစ်မှန်သောသန့်ရှင်းရာဌာန၏ပုံတူဖြစ်သောလူတို့၏လက်ဖြင့်တည်ဆောက်သည့်သန့်ရှင်းရာဌာနတော်သို့ ဝင်တော်မမူပဲကောင်းကင်ဘုံသို့ကြွဝင်တော်မူ၍ယခုငါတို့ကိုယ်စားဘုရားသခင်၏ရှေ့တော်သို့ရောက်ရှိတော်မူ၏။ယဇ်ပုရောဟိတ်ရဟန်းသည်မိမိသွေးမပါဝင်သည့်ပူဇော်ခြင်းကိုပြုလုပ်သောကြောင့်သန့်ရှင်းရာဌာနသို့နှစ်စဉ်နှစ်တိုင်းပြန်လည်ဝင်ရသော်လည်းခရစ်တော်မှာမူမိမိကိုယ်ကိုပူဇော်ရန်သန့်ရှင်းဌာနသို့ထပ်မံမဝင်တော့ချေ။ ထိုသို့ကြိမ်ဖန်များစွာဝင်ရမည်ဆိုပါလျှင်ကမ္ဘာလောကကိုစတင်ဖန်ဆင်းချိန်မှစ၍ကြိမ်ဖန်များစွာသေခံတော်မူရမည်သာဖြစ်ပေမည်။ ယခုမူကား၊ ဤကပ်ကာလအဆုံး၌တစ်ကြိမ်တည်းမိမိကိုယ်ကိုပူဇော်ခြင်းအားဖြင့်အပြစ်ဒုစရိုက်ကိုပယ်ရှင်းခြင်းငှါပေါ်ထွန်းတော်မူ၏။ လူသည်ကားတစ်ကြိမ်တည်းသာသေရ၍ထို့နောက်ဘုရားသခင်၏တရားစီရင်တော်မူခြင်းကိုခံရမည်ဖြစ်သကဲ့သို့။ ခရစ်တော်သည်လူသားတို့၏အပြစ်များကိုဖြေလွှတ်ခြင်းငှာ၊ မိမိကိုယ်ကိုတစ်ကြိမ်တည်းပူဇော်တော်မူခဲ့၏။ ထို့နောက်ကိုယ်တော်သည်မိမိကိုစောင့်မျှော်လျက်နေသောသူတို့အားကယ်တင်ရန်အပြစ်ဒုစရိုက်နှင့်မသက်ဆိုင်ပဲဒုတိယအကြိမ်ကြွလာတော်မူလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: Mark 12: 38-44

ရှင်မာကုဧဝံဂေလိကျမ်း ၁၂း ၃၈–၄၄

ကိုယ်တော်သည်ဟောပြောသွန်သင်ရာ၌မိန့်တော်မူသည်ကားကျမ်းတတ်ဆရာများကိုသတိပြုကြလော့။ သူတို့သည် ဝတ်ရုံရှည်များကိုဝတ်ဆင်လျက်သွားလာလိုကြ၍ဈေးလယ်တွင်နှုတ်ဆက်ခံရခြင်းကိုနှစ်သက်ကြ၏။ သူတို့သည် တရားဇရပ်များတွင်အကောင်းဆုံးသောထိုင်ခုံနေရာများနှင့်ပွဲအခမ်းအနားတွင်ဂုဏ်ရှိသောနေရာများကိုနှစ်သက်ကြ၏။ သို့သော်သူတို့သည်မုဆိုးမတို့၏အိုးအိမ်ပစ္စည်းများကိုမတရားသိမ်းယူတတ်ကြပြီးလူမြင်ကောင်းစေရန်ရှည်လျားစွာ ဆုတောင်းပဌနာပြုတတ်ကြ၏။ ထိုသူတို့သည်ပို၍ကြီးလေးသောအပြစ်ဒဏ်ကိုခံကြရလိမ့်မည်ဟုမိန့်တော်မူ၏။ ထို့ နောက်ကိုယ်တော်သည်ဗိမာန်တော်အလှူခံသေတ္တာကိုမျက်နှာမူ၍ထိုင်နေတော်မူလျက်လူများစွာတို့သည်အလှူခံသေတ္တာ အတွင်းသို့အလှူငွေများထည့်ကြသည်ကိုကြည့်ရှုတော်မူ၏။ဥစ္စာချမ်းသာကြွယ်ဝသောသူများစွာတို့သည်ငွေအမြောက်အ များထည့်ဝင်ကြ၏။ ဆင်းရဲသောမုဆိုးမတစ်ယောက်သည်လာ၍တစ်ပဲနှင့်ညီမျှသောကြေးနီပြားနှစ်ပြားကိုထည့်လေ၏။ ကိုယ်တော်သည်မိမိတပည့်တော်တို့ကိုအထံတော်သို့ခေါ်တော်မူ၍သူတို့အားမိန့်တော်မူသည်မှာသင်တို့အားငါအမှန်ဆို သည်ကား၊ အလှူငွေသေတ္တာအတွင်း၌ထည့်ကြသောသူအားလုံးထက်ဤဆင်းရဲသူမုဆိုးမသည်ပို၍ထည့်ဝင်ခဲ့၏။ အကြောင်းမူကား၊ ထိုသူအားလုံးတို့သည်မိမိတို့၏ပိုလျှံသောငွေထဲမှအလှူငွေကိုထည့်ကြ၏။ဤသူမသည်ကားအလွန် ဆင်း ရဲလျက်ပင်မိမိဝမ်းစာအတွက်ရှိသမျှကိုထည့်ဝင်လေပြီဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။